# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 2 , 2024 Volume 77, Number 2

၂.၄.၂၀၂၄

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၂၂၅၄ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = N/A |
| CBM Rate | = ၂၁၀၀ ကျပ် |
| ယူရိုတစ်ယူရို | = ၂၂၅၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၅၃.၄ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၆၃၈.၉ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၃၆၆.၃ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၉၀.၂၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၅.၁၈၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၅.၅၂ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၄၁.၉၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၃၁၄ ကျပ် |

Source: CBM Rate, etrademyanmar.com

**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm

### ကုန်သွယ်ရေးဦးစီးဌာန၏ (၉)နှစ်မြောက် နှစ်ပတ်လည်နေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



မြန်မာနိုင်ငံတွင် စီးပွားရေးလုပ်ငန်းကဏ္ဍပေါင်းများစွာရှိသည့်အနက်မှ ကုန်သွယ်မှုကဏ္ဍကို အဓိကထားဆောင်ရွက်နေသည့် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနသည် ပို့ကုန်သွင်းကုန်လုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတာဝန်ယူပြီး အစိုးရ-ပုဂ္ဂလိကကဏ္ဍ ညှိနှိုင်းပူးပေါင်းဆောင်ရွက်နေသော ဦးစီးဌာနတစ်ခုဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက် ပို့ကုန်သွင်းကုန်ကဏ္ဍကို တာဝန်ယူထမ်းဆောင်လျက်ရှိရာမှာ နိုင်ငံတကာနှင့် ဒေသတွင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆောင်ရွက်ရာတွင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း၏ ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး တာဝန်ယူဆောင်ရွက်လျက်ရှိသည့် ဦးစီးဌာနတစ်ခုဖြစ်သည်။

ကုန်သွယ်ရေးဦးစီးဌာနသည် ခေတ်နှင့်အညီ ဌာန၏ဖွဲ့စည်းပုံအား အဆင့်ဆင့်ပြောင်းလဲဖွဲ့စည်းခဲ့ရာ ၂၀၁၅ ခုနှစ်၊ ဧပြီလ ၁ ရက်တွင် ကုန်သွယ်ရေးဦးစီးဌာနဟု အမည်ဖြစ်ပေါ်လာသည့်နေ့ဖြစ်ခြင်းကြောင့် ယနေ့သည် ဌာန၏ ၉ နှစ်မြောက် နှစ်ပတ်လည်နေ့ဖြစ်သည်။

ဌာနတွင်း ထူးခြားကျေပွန်စွာ တာဝန်ထမ်းဆောင်ခဲ့သော ဌာနခွဲများ၊ ဝန်ထမ်းများနှင့် နိုင်ငံတော်၏ ကုန်သွယ်ရေးဆိုင်ရာ မူဝါဒများအပေါ် အကောင်အထည်ဖော်ဆောင်ရွက်

ရာတွင် စိတ်ရောကိုယ်ပါ ပူးပေါင်းဆောင်ရွက် တာဝန်ထမ်းဆောင်ခဲ့သည့်ဝန်ထမ်းများအား ဂုဏ်ပြုသည့်အနေဖြင့် နှစ်ပတ်လည်နေ့အခမ်းအနားကို ယနေ့ (၁.၄.၂၀၂၄) ရက်နေ့ နံနက် ၀၈:၃၀ နာရီအချိန်တွင် နေပြည်တော်၊ ရုံးအမှတ်-၃ ၌ ကျင်းပခြင်းဖြစ်သည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အကောင်းဆုံးဌာနခွဲဆုများချီးမြှင့်ခြင်း၊ တာဝန်ရှိသူ အရာရှိကြီးများက စံပြဝန်ထမ်းဆုများချီးမြှင့်ခြင်း၊ အကောင်းဆုံးတာဝန်ထမ်းဆောင်သည့် ဝန်ထမ်းဆုများ ချီးမြှင့်ခြင်းများကို ဆောင်ရွက်ခဲ့သည်။ အခမ်းအနားတွင် ကုန်သွယ်ရေးဦးစီးဌာန၊ ဝန်ထမ်းများက တေးသရုပ်ဖော် အကအလှများဖြင့် ကပြဖျော်ဖြေခဲ့ကြောင်းသိရသည်။

**Source: commerce.gov.mm**

## ရွှေတောင်မြို့နယ်တွင် ဟော်လန်ပန်း(ခေါ်) သစ္စာပန်းစိုက်ပျိုး၍ အကျိုးအမြတ်ရရှိ




ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ ကျီးသဲအုပ်စု၊ တည်ကုန်းကျေးရွာတွင် ပန်းရောင်နှင့် အဖြူရောင် ဟော်လန်ပန်း(ခေါ်) သစ္စာပန်းများ စိုက်ပျိုးထားရှိကြောင်း၊ ဟော်လန်ပန်း (ခေါ်) သစ္စာပန်းများကို တန်ဆောင်မုန်းလတွင် စတင်စိုက်ပျိုးပြီး စိုက်ပျိုးပြီး ၃ လအကြာ တပို့တွဲလတွင် စတင်ခူးဆွတ်ရကြောင်း၊ ဟော်လန်ပန်း (ခေါ်) သစ္စာပန်း စိုက်ပျိုးမှုအနေဖြင့် တစ်ဧကလျှင် မျိုးဥရေ ၂ တင်း/ အပင်ရေအားဖြင့် ၁၅,၀၀၀ ခန့် စိုက်ပျိုးနိုင်ပြီး ကုန်ကျစရိတ်အနေဖြင့် တစ်ဧကလျှင် စတင်စိုက်ပျိုးချိန်မှ ခူးဆွတ်ချိန်အထိ ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် စတင်ခူးဆွတ်ချိန်တွင် အပင်ရေ ၂၀၀ မှ ၃၀၀ အထိ ခူးဆွတ်ရပြီး ပန်းများ လှိုင်လှိုင်ပေါ်ချိန်တွင် အပင်ရေ ၂၀၀၀ ခန့် ခူးဆွတ်နိုင်ကြောင်း၊ ပန်းများခူးဆွတ်ရာတွင် တစ်ရက်ခြားတစ်ကြိမ် ခူးဆွတ်ရပြီး ခူးဆွတ်နိုင်သည့်အချိန်ကာလအနေဖြင့် ၁၅ ရက်ကျော် တစ်လခန့်ကြာမြင့်ကြောင်းသိရသည်။

ဈေးနှုန်းအနေဖြင့် ဟော်လန်ပန်း (ခေါ်) သစ္စာပန်းတစ်ပင်လျှင် ၁၀၀/၁၂၀ ကျပ်နှုန်းဖြင့်ရောင်းချပြီး ရွှေတောင်မြို့နယ်ရှိ ပန်းဒိုင်များမှပန်းခင်းအထိ လာရောက်ဝယ်ယူကြကာ ရန်ကုန်မြို့နှင့်ညောင်ခါးရှည်မြို့များသို့လည်း ပြန်လည်တင်ပို့ရောင်းချကြကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၆ သိန်းကျော်ခန့် ရရှိကြောင်း၊ ဟော်လန်ပန်း (ခေါ်) သစ္စာပန်းသည် ကုန်ကျစရိတ်သက်သာပြီး ထိုက်သင့်သည့် အကျိုးအမြတ်များရရှိသည့်အတွက် ပိုမိုတိုးချဲ့စိုက်ပျိုးသင့်ကြောင်း သိရသည်။

**Source: DOCA(ပဲခူး)**

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ဖရဲသီးအလုံးရေ ၃၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရ

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ မတ်လတွင် ဒေသထွက်ဖရဲသီးအလုံးရေ ၃၅၀,၀၀၀ တင်ပို့ရောင်းချခဲ့ရကြောင်း ပန်းတနော်မြို့နယ် လယ်ယာထွက်ကုန်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍သိရသည်။

ပန်းတနော်မြို့နယ်တွင် ဒေသထွက်ဖရဲသီးများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေကြောင်း၊ ပြီးခဲ့သည့် ဖေဖော်ဝါရီလက ဖရဲသီးအလုံးရေ ၂၃၅,၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး မတ်လတွင် ဖရဲသီးအလုံးရေ ၃၅၀,၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသထွက်ဖရဲသီးများကို ရန်ကုန်ဈေးကွက်ဝယ်လက်များက အဝယ်လိုက်နေကြောင်းသိရသည်။

"ရန်ကုန်ဈေးကွက်ကို ဖရဲသီးတင်ပို့အားက တစ်လနဲ့တစ်လမတူသလို တစ်နေ့နဲ့တစ်နေ့လဲ မတူပါဘူး။ ပိုမိုတင်ပို့ရောင်းချရပါတယ်။ လက်ရှိ ဒေသထွက်ဖရဲသီးတွေကို ရန်ကုန်ဈေးကွက်က အဝယ်တော်တော်လေးလိုက်နေပါတယ်"ဟု ပန်းတနော်မြို့နယ်

လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်ကပြောသည်။

ပန်းတနော်မြို့နယ်တွင် ဖရဲသီးကို မြေနုကျွန်းကျေးရွာများတွင် အများဆုံးစိုက်ပျိုးကြကြောင်း၊ ယခုနှစ်တွင် ကျေးရွာ ၁၄ ရွာမှ ဒေသခံ ၁၀၄ ဦးက တစ်ဦးလျှင် တစ်ဧကမှငါးဧကထိ စိုက်ပျိုးထားကြောင်း၊ လက်ရှိဖရဲသီးတစ်လုံးလျှင် ငွေကျပ် ၂၀၀၀ မှ ၉၀၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

**Source:** ရတနာပုံသတင်းစာ

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ကျပ် ၅,၂၅၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံတွင် ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီ ထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၄ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ ဧပြီလ ၇ ရက်နေ့အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ၅,၂၅၀ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်း အပါအဝင် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**Source:** https://commerce.gov.mm

## မတ်ပဲသီးနှံစိုက်ပျိုးခြင်းဖြင့် တောင်သူများ အကျိုးအမြတ်ရရှိ



ဧရာဝတီတိုင်းဒေသကြီး၊ ဟင်္သာတခရိုင်နှင့်မြန်အောင်ခရိုင်များ၌ မိုးစပါးစိုက်ဧက ငါးသိန်းသုံးသောင်းကျော်စိုက်ပျိုးခဲ့ပြီး သီးထပ်အဖြစ် မတ်ပဲသီးနှံကို စိုက်ဧကလေးသိန်းနှစ်သောင်းကျော် စိုက်ပျိုးထားရှိကြောင်း ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလဆန်းပိုင်းတွင် စတင်စိုက်ပျိုးသော မတ်ပဲသီးနှံများသည် ၂၀၂၄ ခုနှစ် မတ်လဒုတိယပတ်တွင် လှိုင်လှိုင်ထွက်လျက်ရှိရာ တစ်ဧကပျမ်းမျှအထွက်နှုန်းအနေဖြင့် ၁၇-၂၀ တင်း အကြားထွက်ရှိကြောင်း၊ မတ်ပဲသီးနှံတစ်ဧက ပျမ်းမျှကုန်ကျစရိတ် အနေဖြင့် ၄၅၀,၀၀၀ ကျပ်ခန့်ကုန်ကျပြီး တစ်ဧက ပျမ်းမျှအထွက်နှုန်း အနေဖြင့် ၁၇ တင်းနှုန်းထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် မတ်လတတိယပတ်တွင် မတ်ပဲတစ်တင်းလျှင် ဟင်္သာတမြို့၌ ၉၆,၀၀၀ ကျပ် ပေါက်ဈေးရှိပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ပျမ်းမျှ ကျပ် ၁၂ သိန်းခန့်ရရှိကြောင်း၊ မတ်ပဲသီးနှံကို တောင်သူများ စနစ်တကျစိုက်ပျိုးကြခြင်း၊ ရာသီဥတုကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးလာကြခြင်းများကြောင့် ယခုနှစ်တွင် မတ်ပဲအထွက်နှုန်းများ ကောင်းမွန်လာပြီး တောင်သူများ အကျိုးအမြတ်ပိုမိုရရှိလာခြင်းဖြစ်ကြောင်း သိရသည်။

**Source:** DOCA (ဧရာဝတီ)

## ဖိလစ်ပိုင်နိုင်ငံသည် ၂၀၂၄ ခုနှစ်၌ ဆန်တန်ချိန် ၁၂ သန်းကျော် ထုတ်လုပ်နိုင်ဖွယ်ရှိ

ဖိလစ်ပိုင်နိုင်ငံ၌ အစိုးရ၏ ရန်ပုံငွေတိုးမြှင့်သုံးစွဲမှုအရ ယခုနှစ်တွင် ဆန်မက်ထရစ်တန်ချိန် ၁၂ ဒသမ ၁၂၅ သန်းခန့် ထွက်ရှိမည်ဟုခန့်မှန်းရကြောင်း အမေရိကန်လယ်ယာစိုက်ပျိုးရေးဌာန (USDA) က ပြောကြားခဲ့သည်။

ဖိလစ်ပိုင်၏ ဆန်ထွက်ရှိနိုင်မှုနှင့်စပ်လျဉ်း၍ USDA မှ နောက်ဆုံးခန့်မှန်းထုတ်ပြန်မှုသည် ၎င်းတို့၏ ယခင်ခန့်မှန်းချက်ဖြစ်သော ဆန်တန်ချိန် ၁၂ သန်းထက် အနည်းငယ်မြင့်မားနေပြီး အယ်လ်နီညိုရာသီဥတုဖြစ်စဉ်သည် ဧပြီလမှမေလအတွင်း အားပျော့လာမည်ဟု ခန့်မှန်းချက်ကို ထည့်သွင်းစဉ်းစားထားခြင်းဖြစ်ကြောင်း သိရသည်။

ဖိလစ်ပိုင်အစိုးရသည် ရန်ပုံငွေများဖြည့်ဆည်းလျက် ဆန်စပါးကဏ္ဍကို ဦးစားပေးဆောင်ရွက်နေပြီး လယ်သမားများကလည်း ဓာတ်မြေသြဇာနှင့်မျိုးစပ်မျိုးစေ့များကို တိုးမြှင့်အသုံးပြုလာကြကြောင်း၊ ဖိလစ်ပိုင်လယ်ယာစိုက်ပျိုးရေးဦးစီးဌာန (DA) ၏ ဆန်စပါးကဏ္ဍဘက်စုံမြှင့်တင်ရေးအစီအစဉ် (Masagana Rice Program) အရ ယခုနှစ်တွင် ရန်ပုံငွေ ပီဆို ၃၀ ဒသမ ၈ ဘီလီယံကို ကျခံသုံးစွဲမည်ဖြစ်ပြီး အကြမ်းဖျင်းအားဖြင့် ၂၀၂၃ ခုနှစ်နှင့်တူညီသော်လည်း ၂၀၂၂ ခုနှစ်တွင်ရရှိခဲ့သည့် ပီဆို ၁၅ ဒသမ ၈ ဘီလီယံ၏နှစ်ဆရှိကြောင်းနှင့် အဆိုပါအစီအစဉ်သည် လယ်သမား ၂ ဒသမ ၃ သန်းကို ကူညီပံ့ပိုးပေးရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း USDA ၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဖိလစ်ပိုင် ဓာတ်မြေသြဇာနှင့်ပိုးသတ်ဆေး အာဏာပိုင်အဖွဲ့၏ အချက်အလက်များကိုကိုးကား၍ ဓာတ်မြေသြဇာ ဈေးနှုန်းများသည် ယခင်နှစ်များကထက် ပိုမိုတည်ငြိမ်နေပြီး ဆန်စပါးစိုက်ပျိုးထုတ်လုပ်နိုင်မှုအဆင့်အပေါ် သက်ရောက်မှုရှိကြောင်း၊ ယခုနှစ် စပါးရိတ်သိမ်းမည့်ဧရိယာသည် ယခင်ကနှင့်တူညီစွာ ဟက်တာ ၄ ဒသမ ၈ သန်းခန့်ရှိမည်ဟု ခန့်မှန်းရကြောင်း၊ လူဦးရေတိုးပွားမှုနှင့်အညီ ၂၀၂၄-၂၀၂၅ ဈေးကွက်တင်ရောင်းချသည့်နှစ်အတွက် ဆန်စားသုံးမှုသည် မက်ထရစ်တန်ချိန် ၁၇ ဒသမ ၆ သန်းအထိ တိုးမြှင့်လာနိုင်ကြောင်း၊ ကမ္ဘာ့ဂျုံဈေးနှုန်းများ တည်ငြိမ်နေသော်လည်း ဆန်နှင့်ဂျုံ အဓိကစားသုံးကုန် နှစ်ခု၏ဈေးနှုန်းများ မြင့်တက်လာခြင်းကိုကြုံတွေ့ခဲ့ရသဖြင့် ပြီးခဲ့သည့်နှစ်တွင် ဆန်စားသုံးမှုမှဂျုံစားသုံးမှုသို့ သိသာစွာ ပြောင်းလဲလာမှုမရှိကြောင်းဖြင့်လည်း USDA က ဖော်ပြထားသည်။

ပြည်တွင်းရှိ လယ်ယာမြေများမှ စပါးရိတ်သိမ်းမှုနည်းပါးလာခြင်းကြောင့် ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုသည် မက်ထရစ်တန်ချိန် ၄ ဒသမ ၀ သန်းအထိရှိမည်ဟု အစောပိုင်းကခန့်မှန်းထားကြပြီး ၎င်းခန့်မှန်းချက်သည် USDA ၏ ယခင်ခန့်မှန်းချက် မက်ထရစ်တန်ချိန် ၃ ဒသမ ၉ သန်းထက် ပိုမိုမြင့်မားသည်။ သို့ဖြစ်ရာ ဖိလစ်ပိုင်နိုင်ငံသည် ကမ္ဘာ့ထိပ်တန်း ဆန်တင်သွင်းသည့်နိုင်ငံအဖြစ် ဆက်လက်တည်ရှိလျက် ၎င်း၏နောက်၌ အင်ဒိုနီးရှား၊ တရုတ်နှင့်ဥရောပသမဂ္ဂတို့က နီးကပ်စွာ ကျန်ရှိနေမည်ဖြစ်သည်။

ဖိလစ်ပိုင် လယ်ယာစိုက်ပျိုးရေးဦးစီးဌာနရှိ စိုက်ပျိုးရေးလုပ်ငန်းဗျူရိုက ၂၀၂၃ ခုနှစ်တွင် ဆန်တန်ချိန် ၃ ဒသမ ၆ သန်း တင်သွင်းခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ဝင်ရောက်ခဲ့သည့် တန်ချိန် ၃ ဒသမ ၈၂ သန်းအောက် ၈ ဒသမ ၉၆ ရာခိုင်နှုန်း ကျဆင်းသွားကြောင်းဖော်ပြခဲ့သည်။ အဆိုပါဌာန၏အဆိုအရ ဖိလစ်ပိုင်နိုင်ငံအနေဖြင့် တစ်လလျှင် အနည်းဆုံးဆန်မက်ထရစ်တန်ချိန် ၃၃၀,၀၀၀ ခန့် တင်သွင်းရန် လိုအပ်မည်ဖြစ်ကြောင်း သိရသည်။

**Source: Manila Times, 25 Mar 2024**

**Source:** https://www.doca.gov.mm

## ဂျပန်ဗဟိုဘဏ်မှ အတိုးနှုန်းတိုးမြှင့်သတ်မှတ်ခဲ့သော်လည်း ဂျပန်ယန်းငွေတန်ဖိုးမှာ ၃၄ နှစ်အတွင်း အနိမ့်ဆုံးနှုန်းထားသို့ ရောက်ရှိခဲ့

ဂျပန်ဗဟိုဘဏ်အနေဖြင့် Negative Interest Rate Policy ကို အဆုံးသတ်ခဲ့ပြီးနောက် တစ်ပတ်အကြာ ၂၇-၃-၂၀၂၄ ရက်နေ့တွင် ဂျပန်ယန်းငွေတန်ဖိုးမှာ အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၂ ယန်းနီးပါးဖြင့် ၃၄ နှစ်အတွင်း အနိမ့်ဆုံးနှုန်းသို့ ကျဆင်းခဲ့သည်။

အဆိုပါသတင်းတွင် ဂျပန်ယန်းငွေတန်ဖိုး လျင်မြန်စွာကျဆင်းလျက်ရှိခြင်းကြောင့် အစိုးရမှမူဝါဒဆိုင်ရာထိန်းညှိဆောင်ရွက်မှုများပြုလုပ်နိုင်မှုအလားအလာမှာ ပိုမိုများပြားလာနိုင်ကြောင်း၊ ဂျပန်ဗဟိုဘဏ်အနေဖြင့် Negative Interest Rate

Policy ကို အဆုံးသတ်ရန် ကြေညာခဲ့သည့်အချိန်တွင် ယန်းငွေတန်ဖိုးမှာ အမေရိကန် တစ်ဒေါ်လာလျှင် ၁၄၉ ဒသမ ၃၀ ဒေါ်လာ ရှိခဲ့ပြီး ၂၇-၃-၂၀၂၄ ရက်နေ့တွင် ၁၅၁ ဒသမ ၉၆ ယန်းသို့ကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

အစိုးရအနေဖြင့် ငွေတန်ဖိုးအတက်အကျပေါ်မူတည်၍ မူဝါဒများပြောင်းလဲသွားရန်မရှိကြောင်း ဂျပန်ဘဏ္ဍာရေးဝန်ကြီး Shunichi Suzuki က ပြောကြားထားကြောင်း ဖော်ပြထားပါသည်။ ယခုအပတ်အတွင်း ဂျပန်ယန်းငွေတန်ဖိုးမှာ တစ်ဒေါ်လာလျှင် ၁၄၉ ယန်းမှ ၁၅၃ ယန်းအကြားရှိနိုင်ကြောင်းနှင့် ဇူလိုင်လတွင်ထပ်မံ၍ အတိုးနှုန်းတိုးမြှင့်သတ်မှတ်ခဲ့ပါက ယန်းငွေတန်ဖိုး အပေါ် ပိုမို၍ဖိအားများဖြစ်စေနိုင်သည်ဟု Nomura Securities မှ ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

Sumitomo Mitsui Banking Corp., မှ နိုင်ငံခြားငွေလဲလှယ်ရေးဆိုင်ရာ အကြီးတန်းပညာရှင် Hirofumi Suzuki က ယန်းငွေတန်ဖိုးကျဆင်းခြင်းသည် စီးပွားရေးအပေါ် ကောင်းကျိုးများဖြစ်ပေါ်စေသော်လည်း ငွေလဲလှယ်နှုန်းအတက်အကျ များပြားခြင်းသည် မူဝါဒများထိန်းညှိဆောင်ရွက်ရာတွင် စိန်ခေါ်မှုများဖြစ်ပေါ်စေကြောင်းနှင့် စီးပွားရေးလုပ်ငန်းများ၏ ယုံကြည်မှုအပေါ်လည်း ထိခိုက်စေကြောင်း၊ အစိုးရအနေဖြင့် အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၅ ယန်းနှုန်းသို့ ရောက်ရှိသည့် အချိန်မှသာ မူဝါဒဆိုင်ရာထိန်းညှိမှုများဆောင်ရွက်လာနိုင်ကြောင်း ခန့်မှန်းထားသည်။

၂၀၂၂ ခုနှစ် စက်တင်ဘာလနှင့်အောက်တိုဘာလတွင် ယန်းငွေတန်ဖိုးကျဆင်းမှုကို ထိန်းချုပ်နိုင်ရန်ရည်ရွယ်၍ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ၉ ဒသမ ၂ ထရီလီယံယန်း (အမေရိကန်ဒေါ်လာ ၆၀ ဒသမ ၈ ဘီလီယံ)ကို ဝယ်ယူခဲ့ပြီး၊ ဒေါ်လာကို ရောင်းချခဲ့ကြောင်း၊ ဂျပန်ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် လက်ရှိအခြေအနေမှ ယန်းငွေတန်ဖိုးပြန်လည် အားကောင်းလာစေရေးအတွက် ယန်း ၂ ထရီလီယံမှ ၄ ထရီလီယံအထိ သုံးစွဲနိုင်ကြောင်း Nomura Research Institute က ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

အမေရိကန်နိုင်ငံ၏ စီးပွားရေးအခြေအနေဆက်လက်ကောင်းမွန်နေမည်ဆိုပါက ၂၀၂၄ ခုနှစ်၊ ဒုတိယနှစ်ဝက်တွင် ဂျပန် အစိုးရအနေဖြင့် အတိုးနှုန်းကို ထပ်မံတိုးမြှင့်သတ်မှတ်နိုင်ကြောင်း၊ သို့သော် ပြည်တွင်းဝယ်လိုအားလျော့နည်းလာမှု၊ အတိုးနှုန်း အတက်အကျကြောင့် ဂျပန်ပြည်သူအများစု၏ ပေါင်နှံထားမှုအပေါ် သက်ရောက်မှုများပြားလာနိုင်မှုတို့ကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုများပြားနိုင်သည့်အတွက် ဂျပန်ဗဟိုဘဏ်အနေဖြင့် ယခုနှစ်အတွင်း အတိုးနှုန်းတိုးမြှင့်သတ်မှတ်နိုင်မည်မဟုတ် ကြောင်း Okasan Securities မှ အကြီးတန်းစီးပွားရေးပညာရှင် Ken Matsumoto က ပြောကြားထားကြောင်း ဖော်ပြထား သည်။

**သုံးသပ်တင်ပြချက်**

ဂျပန်ဗဟိုဘဏ်အနေဖြင့် ၂၀၁၆ ခုနှစ်တွင် စတင်ကျင့်သုံးခဲ့သည့် Negative Interest Rate Policy ကို ၁၇ နှစ်အတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၉-၃-၂၀၂၄ ရက်နေ့တွင် အဆုံးသတ်ကာ အတိုးနှုန်းကို (-၀.၁)ရာခိုင်နှုန်းမှ ၀ ရာခိုင်နှုန်းသို့ ပြောင်းလဲ သတ်မှတ်ခဲ့သည်။ ဂျပန်ဗဟိုဘဏ်၏ မူဝါဒဆိုင်ရာအပြောင်းအလဲများသည် ယခုနှစ်မတ်လတွင်ကျင်းပခဲ့သည့် လုပ်ခလစာ ဆိုင်ရာ ညှိနှိုင်းအစည်းအဝေး၌ လစာနှုန်းထားတိုးမြှင့်မှုနှုန်းကို ၃၃ နှစ်အတွင်း အမြင့်ဆုံးနှုန်းဖြစ်သည့် ၅ ဒသမ ၂၈ ရာခိုင်နှုန်းသို့ တိုးမြှင့်ရန် သဘောတူညီခဲ့ပြီးနောက် ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ ဂျပန်အစိုးရအနေဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် သိသာထင်ရှားသည့် သက်ရောက်မှုများဖြစ်ပေါ်စေရန်အတွက် အခြေခံလစာတိုးမြှင့်မှုနှုန်းထားအား လူသုံးကုန်ဈေးနှုန်းများ မြင့်တက်မှုနှုန်းနှင့်အညီ တိုးမြှင့်ပေးနိုင်ရေးအတွက် စီးပွားရေးလုပ်ငန်းများအား တိုက်တွန်းဆောင်ရွက်လျက်ရှိသည်။

ဂျပန်ဗဟိုဘဏ်အနေဖြင့် အတိုးနှုန်းဆိုင်ရာမူဝါဒကို တည်ငြိမ်သောနှုန်းထားဖြင့် ဆက်လက်ထိန်းသိမ်းထားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထုတ်ပြန်ထားသည့်အတွက် လတ်တလောတွင် ငွေတန်ဖိုးကျဆင်းခြင်းကြောင့် အတိုးနှုန်းကို ထပ်မံတိုးမြှင့်သွားနိုင်မည်မဟုတ်ကြောင်း သုံးသပ်ရသည်။

**Source: The Nikkei Asia (၂၇-၃-၂၀၂၄)**

**(သူဇာဖြိုး၊ စီးပွားရေးသံမှူး၊ တိုကျိုမြို့)**

## အိန္ဒိယနိုင်ငံသည် ယခုဘဏ္ဍာနှစ်အတွင်း ဘာစမာတီဆန်ကို ကန်ဒေါ်လာ ၅ ဘီလီယံကျော် စံချိန်တင်ရောင်းချရဖွယ်ရှိ

အိန္ဒိယနိုင်ငံသည် ဘာစမာတီဆန်ကို အရှေ့အလယ်ပိုင်းဒေသ၊ ယူကေနှင့်အမေရိကန်ပြည်ထောင်စုတို့ကဲ့သို့ ဈေးကွက်အသီးသီးမှ ဝယ်လိုအားမြင့်တက်လာသည့်အတွက် ယခုဘဏ္ဍာနှစ်အတွင်း ကန်ဒေါ်လာ ၅ ဘီလီယံကျော် စံချိန်တင် တင်ပို့ရောင်းချရဖွယ်ရှိကြောင်းသိရသည်။ ၂၀၂၃-၂၄ ဘဏ္ဍာနှစ်၏ ပထမ(၁၀)လတာကာလအတွင်း ဘာစမာတီဆန်တင်ပို့မှု ၂၀ ရာခိုင်နှုန်းတိုးမြင့်ခဲ့ကာ ကန်ဒေါ်လာ ၄ ဒသမ ၅၈၆ ဘီလီယံအထိ ရရှိခဲ့ပြီးဖြစ်သည်။

ရာမာဒန်(Ramadan)ပွဲတော်ရာသီနီးကပ်လာပြီဖြစ်သဖြင့် အဆိုပါပို့ကုန်တန်ဖိုးမှာ ကန်ဒေါ်လာ ၅ ဘီလီယံကို ကျော်လွန်သွားနိုင်ကြောင်း ခန့်မှန်းထားသည်။ အိန္ဒိယနိုင်ငံမှ ပြည်ပသို့ ဘာစမာတီဆန် တင်ပို့ရောင်းချမှုတန်ဖိုးမှာ နှစ်အလိုက် တက်ကျပြောင်းလဲလျက်ရှိပြီး လွန်ခဲ့သော ၂၀၁၃-၁၄ ဘဏ္ဍာနှစ်က ကန်ဒေါ်လာ ၄ ဒသမ ၈၇ ဘီလီယံအထိ စံချိန်တင် တင်ပို့နိုင်ခဲ့သည်။

၁၉၉၅ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း ပို့ကုန်ဈေးကွက်အသီးသီးရှိ ဘာစမာတီဆန်စားသုံးမှုမှာ တန်ချိန် ၀ ဒသမ ၅ သန်းမှ တန်ချိန် ၄ သန်းအထိ တိုးမြင့်လာကြောင်း၊ ကမ္ဘာ့ဆန်ရောင်းဝယ်မှုစုစုပေါင်းတွင် ဘာစမာတီဆန်၏ဈေးကွက်ဝေစုမှာ ၈ ရာခိုင်နှုန်းဖြစ်ကြောင်းသိရသည်။ အိန္ဒိယဘာစမာတီဆန်၏ ဖြစ်ပေါ်တိုးတက်မှုကို ထင်ရှားသော အဆင့်(၃)ဆင့်ဖြင့် ခွဲခြားလေ့လာကြည့်ရှုနိုင်ကြောင်း၊ ပထမအဆင့်မှာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့(WTO)မှ သဘောတူခွင့်ပြုခဲ့သည့်အတွက် ဥရောပဈေးကွက်သို့ ပထမဦးဆုံးဝင်ရောက်နိုင်ကာ ဈေးကွက်စတင်ရရှိခဲ့ကြောင်း၊ ဒုတိယမှာ Pusa-1121 ဘာစမာတီဆန်မျိုးကွဲကို စမ်းသပ်စိုက်ပျိုးအောင်မြင်ခဲ့ပြီးနောက် အီရန်ဈေးကွက်တွင် အဆိုပါဆန်မျိုးကွဲကို ကြိုက်နှစ်သက်သူ တိုးတက်များပြားလာခြင်းဖြစ်ကြောင်း၊ တတိယအနေဖြင့် ကမ္ဘာတစ်ဝှမ်းတွင် အခြေချနေထိုင်သော အိန္ဒိယလူမျိုးဦးရေ တိုးတက်များပြားလာသည့်အတွက် ၎င်းဆန်ဝယ်ယူမှု ပိုမိုများပြားလာခြင်းဖြစ်ကြောင်း သိရသည်။

"အရေးကြီးသည့်အချက်က လွန်ခဲ့သည့်(၆)နှစ်တာကာလအတွင်း ဥရောပသို့ ဘာစမာတီဆန် တင်ပို့မှုကျဆင်းလာခဲ့တာပါ။ အဆိုပါအခြေအနေကို ကာကွယ်နိုင်မည်ဆိုပါက ပို့ကုန်ကန်ဒေါ်လာ ၅ ဘီလီယံကို ကျနော်တို့ စောစောစီးစီး ကျော်ဖြတ်သွားနိုင်ပါတယ်" ဟု ကုန်သွယ်ရေးလေ့လာသူနှင့် "ဒေသဆိုင်ရာ အညွှန်းသဘာဝသမိုင်း(The Natural History Geographical Indication)" အမည်ရှိ ဘာစမာတီဆန်အကြောင်းစာအုပ်အား ရေးသားထုတ်ဝေခဲ့သူ S Chandrasekaran က ပြောကြားခဲ့သည်။

အဆိုပါဆန်၏တန်ဖိုးသတ်မှတ်ချက်နှင့်ပတ်သက်၍လည်း လွန်ခဲ့သောနှစ်(၃၀)ကိုပြန်ကြည့်ပါက အားရဖွယ်မရှိကြောင်း၊ အဓိကမှာ ဘာစမာတီဆန်ကို အခြားပို့ကုန်များနှင့်အတူ ရောနှောသတ်မှတ်ထားသည့်အတွက် ရှိသင့်သည့်တန်ဖိုးမရှိဘဲ၊ ဈေးကောင်းမရရှိကြောင်း၊ ထို့ကြောင့် အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များနှင့်အစိုးရအနေဖြင့် ဈေးနှုန်းတည်ငြိမ်ရန်နှင့် သတ်မှတ်သောနှုန်းထားတစ်ခုအထက်၌ ပရီမီယမ်အဆင့်ဈေးနှုန်းမျိုးရရှိစေရန် ဆောင်ရွက်သင့်ပါကြောင်း၊ ဘာစမာတီဆန်ပြုပြင်ပြောင်းလဲရေးနှင့်ဈေးကွက်ရှာဖွေဖော်ဆောင်မှု (marketing 2.0) ကို အကောင်အထည်ဖော်ဖို့ အဓိကကျပါကြောင်း ၎င်းကပြောကြားခဲ့သည်။

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှ ဒီဇင်ဘာလအထိကာလအတွင်း နိုင်ငံ(၅)ခုမှ ဘာစမာတီဆန်ကို အများဆုံးဝယ်ယူခဲ့ပြီး၊ စုစုပေါင်းတန်ချိန် ၃ ဒသမ ၅၄ သန်းပမာဏ၏ ၅၈ ဒသမ ၄၃ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် စုစုပေါင်းကန်ဒေါ်လာ ၄ ဒသမ ၅၈၆ ဘီလီယံ၏ ၅၇ ဒသမ ၇၂ ရာခိုင်နှုန်းကို ဝယ်ယူခဲ့ကြောင်းသိရသည်။ ဆော်ဒီအာရေးဗီးယားနိုင်ငံမှ တန်ချိန် ၆ ဒသမ ၇၅ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၇၈၀ သန်းဖြင့် အများဆုံးဝယ်ယူပြီး၊ အီရတ်နိုင်ငံက တန်ချိန် ၅ ဒသမ ၀၁ သိန်း၊ တန်ဖိုး ကန်ဒေါ်လာ ၅၄၄ သန်းဖြင့် ဒုတိယအများဆုံးဝယ်ယူခဲ့ကြောင်း သိရသည်။ အီရန်နိုင်ငံက တန်ချိန် ၅ ဒသမ ၁၆ သိန်း နှင့် တန်ဖိုး ကန်ဒေါ်လာ ၅၁၉ သန်းဖြင့် တတိယအများဆုံးဝယ်ယူခဲ့သည်။

စိတ်ဝင်စားစရာကောင်းသည့်အချက်မှာ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်၊ ဧပြီလမှဒီဇင်ဘာလအထိကာလအတွင်း အမေရိကန်ပြည်ထောင်စုက ယူအေအီးနိုင်ငံအားကျော်တက်ပြီး စတုတ္ထနေရာကိုရယူခဲ့ကြောင်း၊ ၎င်းက ဘာစမာတီဆန်တန်ချိန် ၁ ဒသမ ၇၅ သိန်းနှင့် တန်ဖိုးကန်ဒေါ်လာ ၂၂၈ သန်း ဝယ်ယူခဲ့ကြောင်းသိရသည်။ ၂၀၂၂-၂၃ ဘဏ္ဍာနှစ်က ၎င်းသည် အိန္ဒိယဘာစမာတီဆန်ကို ဆဋ္ဌမအများဆုံးဝယ်ယူသည့်နိုင်ငံအဖြစ် ရပ်တည်ခဲ့ကြောင်းသိရသည်။

သို့ပါ၍ အိန္ဒိယနိုင်ငံသည် လက်ရှိဘဏ္ဍာနှစ်အတွင်း ဘာစမာတီဆန်ကို ကန်ဒေါ်လာ ၅ ဘီလီယံတန်ဖိုးအထိ စံချိန်တင် ရောင်းချနိုင်ရန် မျှော်မှန်းထားသည့်အခြေအနေနှင့် ဥရောပ၊ ယူကေနိုင်ငံ၊ အမေရိကန်ပြည်ထောင်စုနှင့် အရှေ့အလယ်ပိုင်း နိုင်ငံများသည် အဓိကဈေးကွက်များဖြစ်ကြကြောင်းသိရသည်။

**ရည်ညွှန်း။ The Hindu Businessline, Basmati exports set to top record $5 billion-mark this fiscal**

**(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)**

## STOCK EXCHANGE (2.4.2024)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 2nd Apr. 2024

**Total Trading** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 7,190 (Shares) | 16,651,200 (MMK) |

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,400 | -100 | -1.18% | 8,400 | 8,400 | 8,400 | 553 | 4,645,200 | 33,109,694 | 278,121 |
| MTSH | 00002 | 2,850 | -50 | -1.72% | 2,900 | 2,900 | 2,850 | 258 | 743,100 | 38,929,150 | 110,948 |
| MCB | 00003 | 7,900 | +100 | +1.28% | 7,900 | 7,900 | 7,900 | 1 | 7,900 | 10,400,986 | 82,168 |
| FPB | 00004 | 1,500 | +0 | +0.00% | 1,450 | 1,500 | 1,450 | 2,496 | 3,622,050 | 29,664,613 | 44,497 |
| TMH | 00005 | 2,500 | +0 | +0.00% | 2,500 | 2,500 | 2,500 | 710 | 1,775,000 | 12,823,224 | 32,058 |
| EFR | 00006 | 1,750 | +50 | +2.94% | 1,700 | 1,750 | 1,700 | 592 | 1,031,000 | 19,977,223 | 34,960 |
| AMATA | 00007 | 4,700 | +100 | +2.17% | 4,700 | 4,700 | 4,700 | 24 | 112,800 | 10,497,598 | 49,339 |
| MAEX | 00008 | 1,850 | +50 | +2.78% | 1,800 | 1,850 | 1,800 | 2,556 | 4,714,150 | 23,804,946 | 44,039 |

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Market summary

### Market summary

As of 2nd Apr. 2024

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 358.46 | -0.52 | -0.14% | 356.44 | 359.50 | 356.44 | 7,190 | 16,651,200 | 8 | 676,130 |

**Index chart**




### Market Overview

### Grand Total Trading [Total trading (MB) + Total trading (PLB)]

As of - -

| Trading Volume | Trading Value |
|---|---|
| - - (Shares) | - - (MMK) |

### Main Board

As of 12:00 pm, 2nd Apr. 2024

**Total Trading (MB)** [Continuous trading + Block trading]

| Trading Volume | Trading Value |
|---|---|
| 4,753 (Shares) | 12,033,000 (MMK) |

| MYANPIX | 357.05 ▼ 1.93 |
|---|---|
| Total Volume (shares) | 4,753 |
| Total Value (MMK) | 12 mil |
| Listed Company | 8 |
| Market Cap. (MMK) | 673,457 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,400 | ▼ 100 |
| MTSH | 00002 | 2,850 | ▼ 50 |
| MCB | 00003 | 7,900 | ▲ 100 |
| FPB | 00004 | 1,450 | ▼ 50 |
| TMH | 00005 | 2,500 | ▲ 0 |
| EFR | 00006 | 1,750 | ▲ 50 |
| AMATA | 00007 | 4,700 | ▲ 100 |
| MAEX | 00008 | 1,800 | ▲ 0 |